# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ လက်အောက်ခံရုံးများတွင် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများနှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးသင်တန်း တက်ရောက်လိုသူများ Online Booking ဖြင့် ရက်ချိန်းရယူသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ရုံးများတွင် လူစုလူဝေးဖြင့်ဆောင်ရွက်ရသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးသင်တန်းများ၊ ၎င်းသင်တန်းနှင့်ဆက်စပ်လျက်ရှိသော ယာဉ်မောင်း လိုင်စင်ဖြေဆိုစစ်ဆေးခြင်းလုပ်ငန်းများကို ၃.၉.၂၀၂၀ ရက်နေ့မှစတင်၍ ခေတ္တရပ်ဆိုင်းစေခဲ့ရပါသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အတိုင်းအတာတစ်ရပ် အထိ ဆောင်ရွက်နိုင်ပြီဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများအားလုံးတွင် ယာဉ်မောင်းလိုင်စင်စစ်ဆေးထုတ်ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ၈.၁၁.၂၀၂၁ ရက် (တနင်္လာနေ့) မှစတင်၍ Online Booking စနစ်ဖြင့် ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရခြင်းကြောင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုမည့် ပြည်သူများ များပြားလာနိုင်သည်ဖြစ်သော်လည်း ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် လူစုလူဝေးများပြားမှုမရှိစေရေးအတွက် Social Distancing ကိုလိုက်နာရမည်ဖြစ်ပါ၍ ရန်ကုန်တိုင်း ဒေသကြီးရုံးခွဲ(ရွာသာကြီး)တစ်နေရာတည်းတွင် “ခ” ယာဉ်မောင်းလိုင်စင်၊ “ဃ” ယာဉ်မောင်း လိုင်စင်၊ “င” ယာဉ်မောင်းလိုင်စင် အသစ်ဖြေဆိုလိုသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး သင်တန်းတက်ရောက်လိုသူများကို အောက်ပါအတိုင်း အချိန်များခွဲ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်-

(ဦးရေ)

| စဉ် | ယာဉ်မောင်းလိုင်စင် အမျိုးအစား | လိုင်စင်ရေးဖြေလက်ခံဆောင်ရွက်ပေးမည့်အချိန် | | | |
|---|---|---|---|---|---|
| | | ၁၀:၀၀ မှ ၁၁:၃၀ ထိ | ၁၁:၃၀ မှ ၁၃:၀၀ ထိ | ၁၃:၃၀ မှ ၁၅:၀၀ ထိ | ၁၅:၀၀ မှ ၁၆:၃၀ ထိ |
| (က) | "ခ" ယာဉ်မောင်း လိုင်စင် | ၂၅ | ၂၅ | ၂၅ | ၂၅ |
| (ခ) | "ဃ"ယာဉ်မောင်း လိုင်စင် | ၁၀ | ၁၀ | ၁၀ | ၁၀ |
| (ဂ) | "င" ယာဉ်မောင်း လိုင်စင် | ၅ | ၅ | ၅ | ၅ |
| စုစုပေါင်း | | ၄၀ | ၄၀ | ၄၀ | ၄၀ |

| စဉ် | ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း လက်ခံဆောင်ရွက်ပေးမည့်အချိန် | | |
|---|---|---|---|
| | ၀၈:၃၀ မှ ၁၀:၀၀ ထိ | ၁၀:၃၀ မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၄:၃၀ ထိ |
| (က) | ၃၀ ဦး | ၃၀ ဦး | ၃၀ ဦး |

၄။ ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး(၁)ရက်သင်တန်းတက်ရောက်လိုသူများသည် မိမိဖြေဆိုလိုသည့်နေ့ရက်(သို့)သင်တန်းတက်ရောက်လိုသည့်နေ့ရက်များကို ၅.၁၁.၂၀၂၁ ရက် (သောကြာနေ့)မှစတင်၍ ယခင်အတိုင်း www.rtad.gov.mm Website တွင် Online booking ကို အနည်းဆုံး(၁)ရက်မှ အများဆုံး(၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။

၅။ Online Bookingအသုံးပြုရန် အသေးစိတ်အချက်အလက်များအားwww.myanmar.gov.mm, www.motc.gov.mm, www.myanmarrtad.com,www.rtad.gov.mm Website များနှင့် RTAD HQ FacebookPage တွင်ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**နေပြည်တော်**

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉

**ရန်ကုန်တိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) - ၀၁-၂၅၈၅၀၈၂

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ လက်အောက်ခံရုံးများအားလုံးတွင် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရက်ချိန်းကို Online Booking စနစ်ကျင့်သုံးရန်အသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများတွင် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးစောင်ရေ များပြားလာသည့်အတွက် လုပ်ငန်းဆောင်ရွက်သည့် ပြည်သူများအချိန်ကြာမြင့်စွာတန်းစီစောင့်ဆိုင်းရမှုမရှိစေရေး၊ ရုံးဝန်းအတွင်းယာဉ်ကြောကြပ်တည်းမှု မဖြစ်ပေါ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယာဉ်မောင်း လိုင်စင်သက်တမ်းတိုးရက်ချိန်း ကြိုတင်စာရင်းသွင်းသည့်စနစ် (Online booking System) ကို ၈.၁၁.၂၀၂၁ ရက် (တနင်္လာနေ့)မှစတင်၍ ပြောင်းလဲကျင့်သုံးသွား မည်ဖြစ်ပါသည်။

၂။ ပြည်သူများသည် မိမိယာဉ်မောင်းလိုင်စင် သက်တမ်းတိုးလိုသည့်ရက်များကို ၅.၁၁.၂၀၂၁ ရက် (သောကြာနေ့)မှစတင်၍ www.rtad.gov.mm Website တွင် Online booking ကို အနည်းဆုံး (၁)ရက်မှ အများဆုံး (၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။

၃။ Online Booking System အား “က”၊ “က-၁” ၊ “ခ” ၊ “ဃ” ၊ “င” သက်တမ်းတိုး ယာဉ်မောင်းလိုင်စင်များအတွက်သာ ဆောင်ရွက်ရန်ဖြစ်ပြီး၊ “သ”၊ “ဂ” ၊ “ဌ” ၊ “စ”၊ “ဟ” သက်တမ်းတိုး မည့် ယာဉ်မောင်းလိုင်စင်များ၊ နယ်ဝင် နှင့် ပျောက်/ ပျက်မိတ္တူ ဆောင်ရွက်မည့် ယာဉ်မောင်းလိုင်စင်များ သည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်းသာ ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင် နံနက်ပိုင်း **၈:၃၀** နာရီ မှ **၁၆:၃၀ နာရီ**အထိ လေးကြိမ်ခွဲ၍ ရုံးများ အလိုက် အောက်ပါစောင်ရေများအတိုင်း လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

| စဉ် | ရုံးအမည် | ၈:၃၀ မှ ၁၀:၃၀ ထိ | ၁၀:၃၀ မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၅:၀၀ ထိ | ၁၅:၀၀ မှ ၁၆:၃၀ ထိ | စုစုပေါင်း |
|---|---|---|---|---|---|---|
| (က) | ခရိုင်ရုံး(ရန်ကုန်အရှေ့) | ၅၀ | ၅၀ | ၅၀ | ၅၀ | ၂၀၀ |
| ( ခ ) | ခရိုင်ရုံး(ရန်ကုန်အနောက်) | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၄၀၀ |
| ( ဂ ) | ခရိုင်ရုံး(ရန်ကုန်မြောက်) | ၇၀ | ၆၀ | ၆၀ | ၆၀ | ၂၅၀ |
| (ဃ) | ခရိုင်ရုံး(ရန်ကုန်တောင်) | ၃၀ | ၃၀ | ၃၀ | ၃၀ | ၁၂၀ |
| **စုစုပေါင်း** | | ၂၅၀ | ၂၄၀ | ၂၄၀ | ၂၄၀ | ၉၇၀ |

၅။ Online Booking အသုံးပြုရန် အသေးစိတ်အချက်များအား www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

**နေပြည်တော်**

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉

**ရန်ကုန်တိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) - ၀၁-၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) - ၀၁-၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) - ၀၅၆-၂၁၀၈၀
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) - ၀၁-၃၆၄၄၄၁၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**